မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၆] ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် (၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်) } သောကြာနေ့ [အတွဲ ၇၅

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၄၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်)

**ဒုတိယဝန်ကြီးတာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထိန် အား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်ထွန်း ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၇ ရက်)

**အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားအဆင့် ဘူမိဥယျာဉ် (Geopark) များ စနစ်တကျ သတ်မှတ်တည်ထောင်ရာတွင် မူဝါဒဆိုင်ရာ လုပ်ငန်းများနှင့်လိုအပ်သည့် လမ်းညွှန်ကြီးကြပ်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် **အမျိုးသားအဆင့် ဘူမိဥယျာဉ် ဆိုင်ရာကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |
| ( ဂ ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်နှင့် သစ်တော)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒုတိယဝန်ကြီး (သတ္တု)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>UNESCO အမျိုးသားကော်မရှင် | အဖွဲ့ဝင် |
| ( ဇ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ည) | ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီအား ဖွဲ့စည်းခြင်း၊

( ခ ) ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီအား ကြီးကြပ်လမ်းညွှန်ခြင်း၊

( ဂ ) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့ သတ်မှတ်ရေးအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့ သတ်မှတ်ရေးဆောင်ရွက်နေမှုအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခြင်း၊

( င ) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်စီမံအုပ်ချုပ်မှုအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

( စ ) အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီအစည်းအဝေးကို ပုံမှန် (၁) နှစ်လျှင် (၂) ကြိမ် ခေါ်ယူကျင်းပခြင်း၊ လိုအပ်ပါက ကြားဖြတ်အစည်းအဝေးကို ခေါ်ယူကျင်းပခြင်း၊

(ဆ) ကော်မတီအစည်းအဝေးရလဒ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခြင်း၊

( ဇ ) ကော်မတီအစည်းအဝေးလမ်းညွှန်ချက်၊ ဆုံးဖြတ်ချက်များကို ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီသို့ ပေးပို့ခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၉၈/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်)

## (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ** တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း<br>ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | နာယက |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |

(၃) ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၅) ပြည်ထောင်စုဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၆) ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၇) ပြည်ထောင်စုဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — အဖွဲ့ဝင်

(၈) ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၉) ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၀) ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၁) ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ — အဖွဲ့ဝင်

(၁၂) ဒေါက်တာ မိုးဇော်ထွန်း
ဒုတိယဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — အတွင်းရေးမှူး

(၁၃) အမြဲတမ်းအတွင်းဝန်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

( ခ ) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ကွပ်ကဲသွားရန်၊

(၂) ကော်မတီ/ဆပ်ကော်မတီအသီးသီးမှ တင်ပြလာသော ကိစ္စအဝဝကို အချိန်မီအဆုံးအဖြတ်ပေးရန်၊

(၃) ပြိုင်ပွဲကြီးတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ ကျယ်ပြန့်စွာပါဝင်ရေးအတွက် အကြောင်းကြားရန်၊

(၄) မမျှော်လင့်သော အသုံးစရိတ်များအတွက် တောင်းခံလာမှုများအပေါ် အမြန်ဆုံးဖြတ်သုံးစွဲခွင့် ပြုရန်၊

(၅) လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များအပေါ် မျက်ခြည်မပြတ် ထိတွေ့လေ့လာ၍ လိုအပ်သော လမ်းညွှန်မှုများပေးရန်၊

(၆) ပြိုင်ပွဲကြီးပြီးဆုံးသည်နှင့် လုပ်ငန်းမှတ်တမ်းစာအုပ်ပြုစုဖြန့်ဝေရန်။

( ဂ ) **ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ**

(၁) ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — ဥက္ကဋ္ဌ

| | | |
|---|---|---|
| (၂) | ဒေါက်တာ မိုးဇော်ထွန်း<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဗိုလ်ချုပ် ဇင်မင်းထက်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာ အေးထွန်း<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၆) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (၇) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (၈) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး (ပို့ဆောင်ရေး)<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၇) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | စစ်ဗျူဟာမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၂၀) | ဒေါ်သင်းသင်းမြတ်<br>ဥက္ကဋ္ဌ<br>အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၁) | ဦးအောင်တင်ဝင်း<br>ဥက္ကဋ္ဌ<br>အကအကဲဖြတ်လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၂) | ဦးမောင်မောင်လတ်<br>ဥက္ကဋ္ဌ<br>အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၃) | ဦးအောင်ကိန်း<br>ဥက္ကဋ္ဌ<br>အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၄) | ဒေါက်တာ ရဲဒွေး<br>အဖွဲ့ခေါင်းဆောင်<br>ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၅) | ဦးဇော်ဌေး<br>အဖွဲ့ခေါင်းဆောင်<br>ဇာတ်သဘင်အကဲဖြတ်လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၆) | ဦးမြတ်မင်း<br>အဖွဲ့ခေါင်းဆောင်<br>အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး<br>တေးသီချင်းအကဲဖြတ်လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၇) | ဦးအုန်းမောင် (ခ) မြင်းမူမောင်နိုင်မိုး<br>အဖွဲ့ခေါင်းဆောင်<br>ကွက်စိပ်အကဲဖြတ်လုပ်ငန်းအဖွဲ့ | အဖွဲ့ဝင် |
| (၂၈) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၂၉) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဃ) ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ ချမှတ်ထားသော မူဝါဒနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) ဆပ်ကော်မတီများနှင့် ထိတွေ့ညှိနှိုင်းပြီး လိုအပ်သောလုပ်ငန်းရပ်များကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရန်၊

(၃) ပြိုင်ပွဲအသင်းအဖွဲ့များ၏ တင်ပြလာသော အခက်အခဲများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန်၊

(၄) မမျှော်လင့်သော အသုံးစရိတ်များ၊ ကြို/ပို့ရေးကိစ္စရပ်များအတွက် တာဝန်ယူဖြေရှင်းပေးရန်၊

(၅) ပြိုင်ပွဲကုန်ကျစရိတ်များ၊ ဆုချီးမြှင့်ငွေများအား စိစစ်လျက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူသွားရန်၊

(၆) ပြိုင်ပွဲမစမီ အကြိုရက်များတွင် တိုင်းဒေသကြီး/ပြည်နယ်တို့နှင့် ညှိနှိုင်းခြင်း၊ ပြိုင်ပွဲကျင်းပစဉ် လိုအပ်သော ပံ့ပိုးမှုများပေးခြင်း၊ အပြန်ခရီးနှင့် မြို့တွင်းခရီးစဉ်များအတွက် တာဝန်ယူ စီစဉ်ပေးခြင်းများ ဆောင်ရွက်ရန်၊

(၇) ကော်မတီ၊ ဆပ်ကော်မတီများ၏ ယာဉ်လိုအပ်ချက်များကို ညှိနှိုင်းစိစစ်၍ ခွင့်ပြုပေးရန်၊

(၈) ပြိုင်ပွဲမစမီ ရက်ပေါင်း (၅၀) ကြိုတင်၍ လုပ်ငန်းကော်မတီရုံး ဖွင့်လှစ်ဆောင်ရွက်သွားရန်။

၂။ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီသည် လိုအပ်ပါက ဆပ်ကော်မတီများနှင့် ဆပ်ကော်မတီဝင်များကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇၆/၂၀၂၁)၊ ၂၅-၂-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၂) နှင့် ၈-၅-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၂) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂၂ ရက်)

### National Database စနစ် တည်ဆောက်ရေးဦးဆောင်ကော်မတီဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်၏ National Database စနစ် တည်ဆောက်ရေးဦးဆောင်ကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း<br>ဒုတိယဝန်ကြီးချုပ်<br>ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဂ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(င) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဇ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ည) ပြည်ထောင်စုစာရင်းစစ်ချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဋ) ဌာနမှူး — အဖွဲ့ဝင်
တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာန

(ဌ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ National Database စနစ် တည်ဆောက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးဌာနများ တစ်ခုနှင့် တစ်ခု ချိတ်ဆက်ဆောင်ရွက်အကောင်အထည်ဖော်ရန် ကြီးကြပ်လမ်းညွှန်ရမည်။

(ဂ) e-ID စနစ်အတွက် လိုအပ်သော နည်းလမ်းရရှိရေးအတွက် G to G ရရှိနိုင်ရေး ကူညီဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်လုံခြုံရေးအရ ပြည်ပကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အစိုးရများမှ တိုက်ရိုက်ဝင်ရောက်လုပ်ဆောင်မှုများ ဖြစ်ပေါ်ခြင်းမရှိစေရန် ကြီးကြပ်ရမည်။

(င) နည်းပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်ရရှိရေး ဖြည့်တင်းဆောင်ရွက်ပေးရမည်။

(စ) အတွင်းရေးမှူးရုံးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၄ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်တင်ရှိန် | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ သန်းသန်းမြင့် | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ပါမောက္ခ ဒေါက်တာအေးအေးဦး | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (မကွေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်)

### စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ အဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ မေလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၂၂) ဖြင့် ဖွဲ့စည်းခဲ့သော **စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ**

**အကြီးအကဲများ အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ** တွင် အောက်ပါပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်-

(၁) ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ကျောက်ဆည်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်သွယ်ဇင်မြင့်မောင် (တ/၃၆၆၆) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၂၁/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၁၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီး များအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးစည်သူထွန်း<br>တ/၃၀၃၂ | ဗန်းမော်<br>ကချင်ပြည်နယ် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂။ | ဒေါ်မေဇင်ထွန်း<br>တ/၃၃၇၂ | ရွှေဘို<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ဦးအောင်ထက်နိုင်<br>တ/၃၄၉၈ | ဒက္ခိဏသီရိ<br>မန္တလေးတိုင်းဒေသကြီး |
| ၄။ | ဦးချမ်းမြေ့အောင်<br>တ/၃၅၉၈ | ဆီဆိုင်<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၁၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်–

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ခိုင်မာလာအေးကြည်<br>တ/၃၀၉၈ | လှိုင်းဘွဲ့<br>ကရင်ပြည်နယ် |
| ၂။ | ဦးဝေယံဖြိုးဦး<br>တ/၃၃၂၁ | လှိုင်<br>ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးမျိုးမင်းထွေး<br>တ/၃၅၈၁ | ဒီးမော့ဆို<br>ကယားပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၃၁/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်)များအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသောမြို့နယ်တရားရုံးများတွင်မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့် အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးသန်းနိုင်လင်း<br>တ/၃၇၁၅ | (မြို့နယ်တရားသူကြီးတာဝန်)<br>နမ့်ဆန်<br>ရှမ်းပြည်နယ် |
| ၂။ | ဦးအေးချမ်းအောင်<br>တ/၃၇၄၉ | (မြို့နယ်တရားသူကြီးတာဝန်)<br>မန်တုံ<br>ရှမ်းပြည်နယ် |
| ၃။ | ဦးအောင်မြင့်မြတ်<br>တ/၃၇၉၀ | (မြို့နယ်တရားသူကြီးတာဝန်)<br>ဖာပွန်<br>ကရင်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၃၂/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်အေးမြတ်ကေခိုင်<br>တ/၃၆၅၄ | ရေနံချောင်း<br>မကွေးတိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂။ | ဒေါ်မြသီတာလှိုင်<br>တ/၃၆၅၇ | ဒဂုံမြို့သစ် (ဆိပ်ကမ်း)<br>ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဒေါ်ရီရီသွင်<br>တ/၃၆၇၂ | ချောင်းဆုံ<br>မွန်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၃၇/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးအောင်မိုး(တ/၃၁၅၅)အားမြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်းကျင့်သုံးနိုင်ရန် အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၄၁/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ကျောင်းကုန်းမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ထက်ထက်အောင် (တ/၃၃၈၀) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၇ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် အဂတိဖြစ်စေနိုင်သည့်နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိဖြစ်စေနိုင်သည့် နေရာများတွင် မဖြစ်အောင် တားဆီးကာကွယ်ခြင်းနှင့် အဂတိလိုက်စားမှုမှ ဖြစ်ပေါ်လာသည့်ပြဿနာများကို ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ခေါင်းဆောင် |
| ( ခ ) | ညွှန်ကြားရေးမှူး<br>ရုံးအဖွဲ့ | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူး<br>စီမံဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>တရားရေးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူး<br>လုပ်ထုံးနှင့် သုတေသနဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူး<br>e–Government ဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူး<br>စီမံရေးရာဌာနခွဲ | အတွင်းရေးမှူး |

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သော အဂတိလိုက်စားနိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်လေ့လာစိစစ်ဖော်ထုတ် ဆောင်ရွက်ရန်၊

( ခ ) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းများကို အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

( ဂ ) အဂတိလိုက်စားမှုများနှင့်ပတ်သက်၍ တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေအရ စုံစမ်းစစ်ဆေးနိုင်ရေးနှင့် လိုအပ်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်ခြင်း ဆောင်ရွက်ရာတွင် အဂတိလိုက်စားနိုင်ခြေရှိမှုများကို ဆန်းစစ်လေ့လာ ဆောင်ရွက်ရန်၊

( င ) ဆန်းစစ်လေ့လာချက်များအပေါ် အခြေခံ၍ တားဆီးကာကွယ်ရေးမူဝါဒနှင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲရန်၊

( စ ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အခါအားလျော်စွာ ညွှန်ကြားချက်များကို လိုက်နာရန်၊

(ဆ) အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တိုင်ကြားလာပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌထံတင်ပြ၍ လမ်းညွှန်ချက်နှင့်အညီ အရေးယူဆောင်ရွက်သွားရန်၊

( ဇ ) အဖွဲ့၏ လစဉ်လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ လိပ်မူတင်ပြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့ရန်။

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၇ ရက်)

### ညွှန်ကြားရေးမှူး ရာထူးခန့်ထားခြင်း

၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ၏ အတည်ပြုချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ဦးညီညီလွင် အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး၌ လစ်လပ်လျက်ရှိသော ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ရာထူးနေရာကို ကျော်ထောက်နောက်ခံပြု၍ လစာနှုန်းတူ ညွှန်ကြားရေးမှူးရာထူးနေရာတွင် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်)

၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) ၏ အတည်ပြုချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်း စစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါဌာနများသို့ လစာနှုန်းတူ ရာထူးများဖြင့် ၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်နေ့ ညနေပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် ပြုလိုက်သည်-

| **စဉ်** | **အမည်** | **လက်ရှိ ရာထူး၊ လစာနှုန်း၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|---|---|
| ၁။ | ဦးစိန်တင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>အလုပ်သမားဝန်ကြီးဌာန |
| ၂။ | ဦးထွန်းထွန်းဝင်း | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |

တင်ဦး

ဥက္ကဋ္ဌ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ**

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

( ခ ) အမြဲတမ်းအတွင်းဝန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

| | | |
|---|---|---|
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတစ်ဝန်း ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုသဘာဝဘေးအန္တရာယ်များကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးနိုင်မှုအခြေအနေများကို လေ့လာဆန်းစစ်ဖော်ထုတ်ထားရန်၊

(ခ) ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းနိုင်မှု အခြေအနေများကို လေ့လာဆန်းစစ်ဖော်ထုတ်ပြီး ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ဂ) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာနေထိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်မကျရောက်မီ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် ကြိုတင်ကာကွယ်ဆောင်ရွက်မှုလုပ်ငန်းများအဖြစ် သဘာဝသစ်တောများ၊ ဒီရေတောများပြုစုထိန်းသိမ်းခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးနေသော သဘာဝတောများ၊ ဒီရေတောများ ပြန်လည်ပြုစုစိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ စိုက်ခင်းများ၊ ပျိုးဥယျာဉ်များ ပျက်စီးဆုံးရှုံးမှုစာရင်းပြုစု၍ ပြန်လည်ထိန်းသိမ်းပြုစုနိုင်ရေး၊ တည်ထောင်နိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(စ) နေ့စဉ် ထင်း၊ မီးသွေး သုံးစွဲမှုများကို လျှော့ချနိုင်ရေးအတွက် နည်းလမ်းရှာဖွေပြီး သစ်တောပြုန်းတီးမှု ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တော၊ သစ်ပင်များ လဲပြိုပျက်စီးခြင်းရှိပါက အမြန်ဆုံး ထုတ်လုပ်ရေးအတွက် ဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တောသယံဇာတဆုံးရှုံးမှုများကို ဒေသခံသစ်တောဝန်ထမ်းများ၊ သုတေသနအဖွဲ့၊ ကျွမ်းကျင်ပညာရှင်များပါဝင်သည့်အဖွဲ့ဖြင့် ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးစာရင်းပြုစုပြီး တွေ့ရှိချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်၊

(ဈ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့် လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ် ပြင်ဆင်ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဋ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
အောင်ထွန်းခိုင်၊ အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်)

**မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင်**
**အတွင်းရေးမှူး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့သည့် မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အတွင်းရေးမှူးအဖြစ် ပါဝင်သော ဦးမြင့်စိန်၊ ဒုတိယညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန **အစား** ဦးဇော်လွင်ထက်၊ ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနကို အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၂)

### စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အတွင်းရေးမှူးအဖြစ် ပါဝင်သော ဦးအောင်သူဦး၊ ဒုတိယညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန **အစား** ဦးမြင့်စိန်၊ ဒုတိယညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနကိုလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်ပါဝင်သော ဦးထွန်းထွန်းနိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်း ဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန **အစား** ဦးမြင့်ဘုန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကိုလည်းကောင်း အစားထိုးပြင်ဆင် ဖွဲ့စည်းလိုက်သည်။

ဒေါက်တာ ဌေးအောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားစံချိန်စံညွှန်းကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၀၉၀/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်)

### မြန်မာစံချိန်စံညွှန်းအဖြစ် ပြင်ဆင်သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ပါ လုပ်ငန်းတာဝန်များအရ (၂၀၁၈) ခုနှစ်တွင် အတည်ပြုချမှတ်ခဲ့သော MMS CODEX STAN 198:1995– မြန်မာ့ဆန်စံချိန်စံညွှန်းအား MMS 31:2022– မြန်မာ့ဆန်စံချိန်စံညွှန်းဖြင့် ပြန်လည်ပြင်ဆင်ဖြည့်စွက်သည့် မြန်မာစံချိန်စံညွှန်းအဖြစ် သတ်မှတ်လိုက်သည်။

ဒေါက်တာ မျိုးသိန်းကျော်
ဥက္ကဋ္ဌ
အမျိုးသားစံချိန်စံညွှန်းကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၀၇၁/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၁။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးတို့မှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ ရုံးအုပ် (၂) ဦးအား ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ပြုလုပ်သည့် (၅/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ ရာထူးသို့ အမည်နှင့်ယှဉ်တွဲပါ တာဝန်ချထားသည့်ဒေသများတွင် တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ကနဦးလစာ ၂၇၅,၀၀၀/- နှုန်းဖြင့် စတင်ခံစားခွင့်ပြုလိုက်သည်။

| စဉ် | အမည် | လက်ရှိတာဝန်ကျဒေသ | တာဝန်ချထားသည့်ဒေသ |
|---|---|---|---|
| ၁ | ဒေါ်ခိုင်ယဉ်မွန် | ဥပဒေရေးရာဌာန<br>ပြည်ထောင်စုဥပဒေဆိုင်ရာ<br>အထောက်အကူပေးရေးအဖွဲ့ရုံး | ဥပဒေရေးရာဌာန<br>ပြည်ထောင်စုဥပဒေဆိုင်ရာ<br>အထောက်အကူပေးရေးအဖွဲ့ရုံး |
| ၂ | ဒေါ်မေသာကြည် | စစ်ကိုင်းတိုင်းဒေသကြီး<br>ဥပဒေဆိုင်ရာ<br>အထောက်အကူပေးရေးအဖွဲ့ရုံး | စစ်ကိုင်းတိုင်းဒေသကြီး<br>ဥပဒေဆိုင်ရာ<br>အထောက်အကူပေးရေးအဖွဲ့ရုံး |

မောင်မောင်ရွှေ

ဥက္ကဋ္ဌ

ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၃၆၈/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၄/တိုးချဲ့မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၈၅၀၊ ၈၅၁၊ ၈၅၂၊ ၈၅၃၊ ၈၅၄၊ ၈၅၅) တို့ရှိ **မြေဧရိယာ ၀.၃၃၀ ဧက** အား **မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲမှူးရုံး၊ ထားဝယ်မြို့** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၆၁/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက် အမှတ်နှင့်အမည် (RA-II၊ ကွက်ပြင်-၂)၊ မြေကွက်အမှတ် (70-D)၊ ဦးပိုင်အမှတ် (၄၅-ဃ)၊ **မြေဧရိယာ ၀.၆၀ ဧက** ရှိ မြေအား **ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

## အမိန့်ကြော်ငြာစာအမှတ် (၄၆၂/၂၀၂၂)

### ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀၉/၂၀၂၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော **ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး (အုပ်ချုပ်မှု)<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | ဒုတိယဝန်ကြီး (လုံခြုံရေး)<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | အတွင်းရေးမှူး |

(ည) ဒုတိယအမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး

## အမိန့်ကြော်ငြာစာ (၄၆၆/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၁၆ ရက်)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ ဓာတ်အားခွဲရုံတည်ဆောက်ရန်အတွက် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ဆင်ရွာကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် – (၉၆၂/ကျုံကနင်ကွင်း)၊ ဦးပိုင်အမှတ်–N–၁၃၃ ရှိ **မြေဧရိယာ ၅.၀၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေး တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၁)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ ဓာတ်အားခွဲရုံတည်ဆောက်ရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၅.၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၆၇/၂၀၂၂)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁၀၂၅/၂၀၂၁) ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲအတွက် မြေလွှဲမိန့် ထုတ်ပြန်ပေးခဲ့သော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ အမှတ် (၉) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်–အထူးဇုန် (၅)၊ မြေကွက်အမှတ်–၂၈ ရှိ **မြေဧရိယာ ၉၆.၇၉ ဧက** အနက်မှ **မြေဧရိယာ ၄.၉၀ ဧက** ကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အသုံးပြုရန်မရှိသဖြင့် ရွှေစာရံဘုန်းတော်ကြီးကျောင်း သာသနာမြေအဖြစ် အသုံးပြုရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေး တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၄)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲက အသုံးပြုရန် မရှိသဖြင့် ရွှေစာရံဘုန်းတော်ကြီးကျောင်းသာသနာမြေအဖြစ် အသုံးပြုရန်အတွက် နိုင်ငံတော်သို့စွန့်လွှတ် အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၄.၉၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာနက မြေလွှဲမိန့်ထုတ်ပြန်ပေးခဲ့သော **မြေဧရိယာ ၉၆.၇၉ ဧက** အနက်မှ ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၉၁.၈၉ ဧက** ကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ **အမှတ် (၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ** မြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမြေအဖြစ် အသုံးပြုရန် ပြင်ဆင်သတ်မှတ်လိုက်သည့် **မြေဧရိယာ ၉၁.၈၉ ဧက** ကို **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၄၇၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၁ ရက်)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့၊ အောင်သပြေရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၂/အောင်သပြေ-၇)၊ ဦးပိုင်အမှတ်-၂၁၂၊ **မြေဧရိယာ ဝ.၁၆၉ ဧက** အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ **ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၄၇၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၂ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (RA-V/ ကွက်ပြင်-၅)၊ ဦးပိုင်အမှတ် (၃-ခ)၊ မြေကွက်အမှတ် (3)၊ **မြေဧရိယာ ၃.၃၈ ဧက** ရှိမြေအား **မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၆ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှ ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ဖြူဖြူဌေး အား မြန်မာ့စီးပွားရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်)

## ဥပဒေအကြံပေးများ၏ လစဉ်ချီးမြှင့်ငွေ သတ်မှတ်ခြင်း

၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) ၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် ဖွဲ့စည်းထားသည့် ဥပဒေအကြံပေးအဖွဲ့များ၌ ခန့်အပ်သည့် ဥပဒေအကြံပေးအသီးသီးအတွက် လစဉ်ချီးမြှင့်ငွေကို ကျပ် ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ) သတ်မှတ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၂)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ ကြည်ကြည်ဝင်း အား ၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ၏ အတည်ပြုချက်အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) သို့ လစာနှုန်းတူ ပါမောက္ခရာထူးနေရာဖြင့် တာဝန် ဝတ္တရားများ စတင်စွန့်လွှတ်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်)

၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၅/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒေါ်နှင်းအေးနု အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက် ညနေပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက်)

အမှတ် ၉၁။　၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၅)၊ ပုဒ်မ ၁၆ (က) (ခ) နှင့် (ဂ) တို့အရ ဗီဒီယိုလုပ်ငန်းများကို စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းလိုက်ပါသည်-

(က)　ဦးအေးကြွယ်　　ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ခ)　ဦးသက်လွင်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဥပဒေရေးရာနှင့် ပြည်သူ့ရေးရာဌာန
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ)　ဦးစိုးလှမြင့်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ)　ဒုတိယရဲမှူးကြီး ခင်မောင်စိန်　　အဖွဲ့ဝင်
မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(င)　ဦးမျိုးမြင့်ထိုက်　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(စ)　ဒေါ်မဥ္ဇူလွင်　　အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဆ)　ဦးဇော်မင်း (ဟံသာမြေ)　　အဖွဲ့ဝင်
တွဲဖက်အတွင်းရေးမှူး (၁)
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

| | | |
|---|---|---|
| ( ဇ ) | ဦးလွင်မြင့် ဥက္ကဋ္ဌ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) | အဖွဲ့ဝင် |
| (ဈ) | ဒေါ်သင်းသင်းနွယ် ဥက္ကဋ္ဌ ဗီဒီယိုအခြေခံအဖွဲ့ (ဗဟို) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (ည) | ဦးသိန်းနိုင် အကြံပေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဦးရဲလင်းမြင့် ညွှန်ကြားရေးမှူး (ရုပ်ရှင်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၃ ရက်)

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာနနှင့် လုပ်ငန်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း များအတွက် ယခင်နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင် ပါရှိသော လုပ်ထုံးလုပ်နည်း များနှင့်အညီ တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီများ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီများနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများကို ဤဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၂၂ ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ အဆိုပါကော်မတီများတွင် အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဦးမျိုးဝင်း **အစား** ခေတ္တလက်ထောက်အတွင်းဝန် ဦးကျော်ဝင်းလွင်၊ လက်ထောက်အတွင်းဝန် ဦးစိုးမိုး **အစား** လက်ထောက်အတွင်းဝန် ဦးကျော်ဇင်သန့်၊ လက်ထောက်အတွင်းဝန် ဦးစောလင်းထွန်း **အစား** လက်ထောက်အတွင်းဝန် ဒေါ်ခင်မာသီ၊ လက်ထောက်အတွင်းဝန် ဦးခင်မောင်ကြည် **အစား** လက်ထောက်အတွင်းဝန် ဦးမျိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းလွင် **အစား** ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မျိုးနိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်ရွှေ **အစား** အင်ဂျင်နီယာချုပ် ဦးစိန်ဦး၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အိအိစိုး **အစား** ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ရွှေ၊ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး **အစား** ညွှန်ကြားရေးမှူး ဒေါ်အိအိစိုး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့် **အစား** စာတည်းမှူး ဒေါ်အေးအေးမြင့်နှင့် မန်နေဂျာ ဒေါ်ဖြူဖွေးသန့်စင် **အစား** ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖွေးသန့်စင်ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်)

အမှတ် ၉၃။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အထိ (၂) နှစ်သက်တမ်းရှိသော မန္တလေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်–

**မန္တလေးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဗိုလ်မှူးကြီး ကျော်ကျော်မင်း — ဥက္ကဋ္ဌ
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) ရဲမှူးချုပ် စိန်လွင် — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးဇော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) ဦးစိုးညွှန့် — အဖွဲ့ဝင်
တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး
မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန

(င) ဦးမင်းအောင်မြင့်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့

(စ) ဦးမျိုးသန့် — အဖွဲ့ဝင်
ဥက္ကဋ္ဌ (ယာယီ)
မန္တလေးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဆ) ဦးအေးကျော် — အတွင်းရေးမှူး
တိုင်းဒေသကြီးဦးစီးမှူး
မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၂၈/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်)

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊စီမံခန့်ခွဲရေးကော်မတီ၏(၄/၂၀၂၂)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရပြည်ထောင်စုရာထူးဝန်အဖွဲ့သို့တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာနမှအောက်ဖော်ပြပါနည်းပြ(စိုက်ပျိုးရေး/မွေးမြူရေး/လက်ထောက်ဥယျာဉ်အုပ်)လစာနှုန်း(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၄၂) ဦးတို့အား စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး/ဥယျာဉ်အုပ်) လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး ၎င်းတို့အမည်နှင့် ယှဉ်တွဲပါဒေသများတွင် တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိဒေသ | တိုးမြှင့်ရာထူးဖြင့် တာဝန်ချထားမည့်ဒေသ |
|---|---|---|---|
| ၁ | ဒေါ်မာမာ | မြောင်းမြစိုက်သိပ္ပံ | မြောင်းမြစိုက်သိပ္ပံ |
| ၂ | ဒေါ်ဝင်းဝင်းခိုင် | ဒီးမော့ဆိုစိုက်သိပ္ပံ | ဒီးမော့ဆိုစိုက်သိပ္ပံ |
| ၃ | ဦးမြအေး | ပုသိမ်ကြီးစိုက်သိပ္ပံ | ပုသိမ်ကြီးစိုက်သိပ္ပံ |
| ၄ | ဒေါ်ခင်မာသိန်း | ပုသိမ်ကြီးစိုက်သိပ္ပံ | ပုသိမ်ကြီးစိုက်သိပ္ပံ |
| ၅ | ဒေါ်ယဉ်ယဉ်စိုး | ဟုမ္မလင်းစိုက်သိပ္ပံ | ဟုမ္မလင်းစိုက်သိပ္ပံ |
| ၆ | ဦးငြိမ်းချမ်း | ပုသိမ်ကြီးစိုက်သိပ္ပံ | ပုသိမ်ကြီးစိုက်သိပ္ပံ |
| ၇ | ဦးပြည့်ကျော်တိုး | သာယာဝတီစိုက်သိပ္ပံ | သာယာဝတီစိုက်သိပ္ပံ |
| ၈ | ဒေါ်နေခြည်ဦး | ဟုမ္မလင်းစိုက်သိပ္ပံ | ဟုမ္မလင်းစိုက်သိပ္ပံ |
| ၉ | ဒေါ်နန့်လှဝင်းခင် | မြောင်းမြစိုက်သိပ္ပံ | မြောင်းမြစိုက်သိပ္ပံ |
| ၁၀ | ဦးမင်းဇော်ဦး | ဟုမ္မလင်းစိုက်သိပ္ပံ | ဟုမ္မလင်းစိုက်သိပ္ပံ |
| ၁၁ | ဦးအောင်ကိုလွင် | ပုသိမ်ကြီးစိုက်သိပ္ပံ | ပုသိမ်ကြီးစိုက်သိပ္ပံ |
| ၁၂ | ဒေါ်ငြိမ်းငြိမ်းအေး | ရွှေဘိုစိုက်သိပ္ပံ | ရွှေဘိုစိုက်သိပ္ပံ |
| ၁၃ | ဒေါ်နှင်းနှင်းလွင် | သာယာဝတီစိုက်သိပ္ပံ | သာယာဝတီစိုက်သိပ္ပံ |
| ၁၄ | ဒေါ်မျိုးမမအေး | ပျဉ်းမနားစိုက်သိပ္ပံ | ရွှေဘိုစိုက်သိပ္ပံ |
| ၁၅ | ဒေါ်သက်နှင်းမာ | မြောင်းမြစိုက်သိပ္ပံ | မြောင်းမြစိုက်သိပ္ပံ |
| ၁၆ | ဦးဇော်မိုးဦး | ဟုမ္မလင်းစိုက်သိပ္ပံ | ဟုမ္မလင်းစိုက်သိပ္ပံ |
| ၁၇ | ဒေါ်ကလျာအောင် | ပွင့်ဖြူစိုက်သိပ္ပံ | ဟုမ္မလင်းစိုက်သိပ္ပံ |
| ၁၈ | ဦးကျော်မင်းဦး | သထုံစိုက်သိပ္ပံ | သထုံစိုက်သိပ္ပံ |
| ၁၉ | ဒေါ်သဲစုနိုင် | ပွင့်ဖြူစိုက်သိပ္ပံ | ဟုမ္မလင်းစိုက်သိပ္ပံ |

| စဉ် | အမည် | လက်ရှိဒေသ | တိုးမြှင့်ရာထူးဖြင့် တာဝန်ချထားမည့်ဒေသ |
|---|---|---|---|
| ၂၀ | ဦးတင်မျိုးဝင်း | ပွင့်ဖြူစိုက်သိပ္ပံ | ပွင့်ဖြူစိုက်သိပ္ပံ |
| ၂၁ | ဒေါ်သက်ထားစု | မြစ်ကြီးနားစိုက်သိပ္ပံ | မြစ်ကြီးနားစိုက်သိပ္ပံ |
| ၂၂ | ဒေါ်အိအိကြိုင် | ပျဉ်းမနားစိုက်သိပ္ပံ | ရွှေဘိုစိုက်သိပ္ပံ |
| ၂၃ | Dr.လျှန်ထန်း | လုံပီးစိုက်သိပ္ပံ | လုံပီးစိုက်သိပ္ပံ |
| ၂၄ | ဒေါ်ဝင်းအိဝါ | ဟဲဟိုးစိုက်သိပ္ပံ | ဟဲဟိုးစိုက်သိပ္ပံ |
| ၂၅ | ဒေါ်ဝါဝါထွေး | ပွင့်ဖြူစိုက်သိပ္ပံ | မြစ်ကြီးနားစိုက်သိပ္ပံ |
| ၂၆ | ဒေါ်မိုင်ဖြူတီဂျွန် | ပျဉ်းမနားစိုက်သိပ္ပံ | ရွှေဘိုစိုက်သိပ္ပံ |
| ၂၇ | ဒေါ်မီမီထွန်း | ပျဉ်းမနားစိုက်သိပ္ပံ | ဖွဲ့ကပင်စိုက်သိပ္ပံ |
| ၂၈ | ဒေါ်သက်မာစိုး | ဟဲဟိုးစိုက်သိပ္ပံ | ဟဲဟိုးစိုက်သိပ္ပံ |
| ၂၉ | ဦးလင်းထက်လွင် | ပျဉ်းမနားစိုက်သိပ္ပံ | ကျောက်တော်စိုက်သိပ္ပံ |
| ၃၀ | ဒေါ်အိအိခိုင် | ထားဝယ်စိုက်သိပ္ပံ | ထားဝယ်စိုက်သိပ္ပံ |
| ၃၁ | ဒေါ်ဇင်မာဌေး | ထားဝယ်စိုက်သိပ္ပံ | ထားဝယ်စိုက်သိပ္ပံ |
| ၃၂ | ဒေါ်မြသက်နိုင် | ပျဉ်းမနားစိုက်သိပ္ပံ | ဟဲဟိုးစိုက်သိပ္ပံ |
| ၃၃ | ဒေါ်ထက်နဒီခင် | သထုံစိုက်သိပ္ပံ | သထုံစိုက်သိပ္ပံ |
| ၃၄ | ဦးကျော်ဝင်းထွန်း | ပွင့်ဖြူစိုက်သိပ္ပံ | မြစ်ကြီးနားစိုက်သိပ္ပံ |
| ၃၅ | ဒေါ်ဝတ်ရည်အောင် | ဖွဲ့ကပင်စိုက်သိပ္ပံ | ဖွဲ့ကပင်စိုက်သိပ္ပံ |
| ၃၆ | ဒေါ်သန္တာအေး | ပွင့်ဖြူစိုက်သိပ္ပံ | ထားဝယ်စိုက်သိပ္ပံ |
| ၃၇ | ဦးငြိမ်းချမ်း | ကျောက်တော်စိုက်သိပ္ပံ | ကျောက်တော်စိုက်သိပ္ပံ |
| ၃၈ | ဒေါ်ဝင်းဇာနည်မွန် | ကျောက်တော်စိုက်သိပ္ပံ | ကျောက်တော်စိုက်သိပ္ပံ |
| ၃၉ | ဒေါ်ဝေဝေကျော်ဦး | ပုသိမ်ကြီးစိုက်သိပ္ပံ | ပုသိမ်ကြီးစိုက်သိပ္ပံ |
| ၄၀ | ဒေါ်မေသူခိုင် | ရွှေဘိုစိုက်သိပ္ပံ | ရွှေဘိုစိုက်သိပ္ပံ |
| ၄၁ | ဦးရဲမွန်မြင့် | ပျဉ်းမနားစိုက်သိပ္ပံ | ဟုမ္မလင်းစိုက်သိပ္ပံ |
| ၄၂ | ဒေါ်ထက်ယုယုအောင် | ပုသိမ်ကြီးစိုက်သိပ္ပံ | ဒီးမော့ဆိုစိုက်သိပ္ပံ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂၉/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၄/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံ (ပုသိမ်ကြီး) မှ နည်းပြ (စာပေ)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ဒေါ်မြမြဆွေ

အား စိုက်ပျိုးရေးသိပ္ပံ (ပုသိမ်ကြီး) တွင် လစ်လပ်လျက်ရှိသည့် လက်ထောက်ကထိက (စာပေ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၄/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ မေလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၂) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်ထွန်း အား မွေးမြူရေးသုတေသနဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို အမှန်တကယ် စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၉/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၄ ရက်)

**ရာထူးတိုးမြှင့်ခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ သရုပ်ပြ ဒေါ်ဆုရတနာဝင်း အား ၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၂) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ လက်ထောက်ကထိကရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ အထက်ဖော်ပြပါ အရာထမ်းအား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်စေနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၅၀/၂၀၂၂)**

**ရာထူးတိုးမြှင့်ခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ သရုပ်ပြ ဒေါ်ထက်မြတ်ထွေး အား ၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၂) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ လက်ထောက်ကထိကရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ အထက်ဖော်ပြပါ အရာထမ်းအား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်စေနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်)

### မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်သိမ်းဆည်းခြင်း

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ခွင့်ပြုခဲ့ပြီး ဖော်ထုတ်သတ်မှတ်ကာလ (၄) နှစ်အတွင်း ခွင့်ပြုဧရိယာအား သတ်မှတ်ကာလအတွင်း ဖော်ထုတ်စိုက်ပျိုးခြင်းမရှိသော ပူးတွဲဇယား (၁) နှင့် (၂) ပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ (၁၉၆၃၀.၆၆) ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၅/၂၀၂၂) ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ (က) (၃)၊ နည်းဥပဒေ ၅၇ (ခ) တို့နှင့်အညီ ၂၀၂၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှစ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို ရုပ်သိမ်းလိုက်ပြီး ပေးသွင်းထားသော အာမခံကြေးများကိုပါ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းလိုက်သည်။

### သတ်မှတ်ကာလ (၄) နှစ်ကျော်လွန်သော်လည်း လုံးဝဖော်ထုတ်လုပ်ကိုင်မှုမရှိသဖြင့် ခွင့်ပြုမိန့်ရုပ်သိမ်း၍ ပြန်လည်သိမ်းဆည်းသည့် စာရင်း (ဇယား-၁)

| စဉ် | ပုဂ္ဂိုလ်/ အဖွဲ့အစည်း အမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာ အုပ်စု | ခွင့်ပြုသည့် ရက်စွဲနှင့် စာအမှတ် | ခွင့်ပြုသည့် အကြောင်း အရာ | ခွင့်ပြု ဧရိယာ (ဧက) | |
| ၁ | ဒေါ်နန်းသန်းထွေး (ရွှေကမ္ဘောဇ ကုမ္ပဏီလီမိတက်) | တနင်္သာရီ | သိန်ခွန်း | ၁၉/မလရ-၁၆ (၀၁၀/၂၀၁၄) ၃၁.၁၂.၂၀၁၄ | စိုက် ပျိုး ရေး (ဆီအုန်း) | ၄၈၀၄.၀၀ | |
| စုစုပေါင်း | | | | | | ၄၈၀၄.၀၀ | |

## သတ်မှတ်ကာလ (၄) နှစ်အတွင်း တစ်စိတ်တစ်ပိုင်းဖော်ထုတ်စိုက်ပျိုးပြီး ဖော်ထုတ်လုပ်ကိုင်မှုမရှိသည့် ဧရိယာများအား သိမ်းဆည်း၍ ခွင့်ပြုမိန့်ပြင်ဆင်ထုတ်ပေးမည့်စာရင်း (ဇယား-၂)

| စဉ် | ပုဂ္ဂိုလ်/ အဖွဲ့အစည်း အမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | သတ်မှတ်ကာလ အတွင်း ဖော်ထုတ် ပြီးစီးသည့် ဧရိယာ (ဧက) | သတ်မှတ်ကာလ အတွင်း ဖော်ထုတ်ခြင်း မရှိ၍ ပြန်လည် သိမ်းဆည်း သည့် ဧရိယာ (ဧက) |
|---|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာ အုပ်စု | ခွင့်ပြုသည့် ရက်စွဲနှင့် စာအမှတ် | ခွင့်ပြုသည့် အကြောင်း အရာ | ခွင့်ပြု ဧရိယာ (ဧက) | | |
| ၁ | ဒေါ်နန်းသန်းထွေး (ရွှေကမ္ဘောဇ ကုမ္ပဏီလီမိတက်) | တနင်္သာရီ | တမုတ်ချုံး | ၁၉/မလရ-၁၆ (၀၀၆/၂၀၁၄) ၃၁.၁၂.၂၀၁၄ | စိုက်ပျိုးရေး (ဆီအုန်း) | ၃၉၆၄.၀၀ | ၁၁၁.၂၈ | ၃၈၅၂.၇၂ |
| ၂ | ဒေါ်နန်းသန်းထွေး (ရွှေကမ္ဘောဇ ကုမ္ပဏီလီမိတက်) | တနင်္သာရီ | တမုတ်ချုံး သိန်ခွန်း | ၁၉/မလရ-၁၆ (၀၀၇/၂၀၁၄) ၃၁.၁၂.၂၀၁၄ | စိုက်ပျိုးရေး (ဆီအုန်း) | ၃၃၆၆.၀၀ | ၆၃၂.၉၅ | ၂၇၃၃.၀၅ |
| ၃ | ဒေါ်နန်းသန်းထွေး (ရွှေကမ္ဘောဇ ကုမ္ပဏီလီမိတက်) | တနင်္သာရီ | တမုတ်ချုံး | ၁၉/မလရ-၁၆ (၀၀၈/၂၀၁၄) ၃၁.၁၂.၂၀၁၄ | စိုက်ပျိုးရေး (ဆီအုန်း) | ၄၂၃၇.၀၀ | ၁၇၃.၅၂ | ၄၀၆၃.၄၈ |
| ၄ | ဒေါ်နန်းသန်းထွေး (ရွှေကမ္ဘောဇ ကုမ္ပဏီလီမိတက်) | တနင်္သာရီ | တမုတ်ချုံး သိန်ခွန်း | ၁၉/မလရ-၁၆ (၀၀၉/၂၀၁၄) ၃၁.၁၂.၂၀၁၄ | စိုက်ပျိုးရေး (ဆီအုန်း) | ၄၂၄၄.၀၀ | ၆၆.၅၉ | ၄၁၇၇.၄၁ |
| စုစုပေါင်း | | | | | | ၁၅၈၁၁.၀၀ | ၉၈၄.၃၄ | ၁၄၈၂၆.၆၆ |

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၂)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်သိမ်းဆည်းခြင်း

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟို အဖွဲ့မှ ခွင့်ပြုခဲ့ပြီး ဖော်ထုတ်သတ်မှတ်ကာလ (၄) နှစ်အတွင်း ခွင့်ပြုဧရိယာအား သတ်မှတ်ကာလအတွင်း ဖော်ထုတ်စိုက်ပျိုးခြင်းမရှိသော ပူးတွဲဇယားပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ (၁၆၇၉.၈၈) ဧကအား

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၅/၂၀၂၂) ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ (က) (၃)၊ နည်းဥပဒေ ၅၇ (ခ) တို့နှင့်အညီ ၂၀၂၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှစ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို ရုပ်သိမ်းလိုက်ပြီး ပေးသွင်းထားသော အာမခံကြေးများကိုပါ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းလိုက်သည်။

**သတ်မှတ်ကာလ (၄) နှစ်အတွင်း တစ်စိတ်တစ်ပိုင်းဖော်ထုတ်စိုက်ပျိုးပြီး ဖော်ထုတ်လုပ်ကိုင်မှုမရှိသည့် ဧရိယာများအား သိမ်းဆည်း၍ ခွင့်ပြုမိန့်ပြင်ဆင်ထုတ်ပေးမည့်စာရင်း**

| စဉ် | ပုဂ္ဂိုလ်/ အဖွဲ့အစည်း အမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | သတ်မှတ်ကာလ အတွင်း ဖော်ထုတ် ပြီးစီးသည့် ဧရိယာ (ဧက) | သတ်မှတ် ကာလ အတွင်း ဖော်ထုတ်ခြင်း မရှိ၍ ပြန်လည် သိမ်းဆည်း သည့် ဧရိယာ (ဧက) |
|---|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာ အုပ်စု | ခွင့်ပြုသည့် ရက်စွဲနှင့် စာအမှတ် | ခွင့်ပြုသည့် အကြောင်း အရာ | ခွင့်ပြု ဧရိယာ (ဧက) | | |
| ၁ | ဒေါ်နန်းသန်းထွေး (ရွှေကမ္ဘောဇ ကုမ္ပဏီလီမိတက်) | တနသ်ာရီ | သိန်ခွန်း | ၆၈၇၃/ ရမယ (ဖ)(၁၁) ၂၀၀၉ ၃.၁၁.၂၀၀၉ | စိုက် ပျိုး ရေး (ဆီအုန်း) | ၂၅၀၀.၀၀ | ၁၄၀၇.၂၁ | ၁၀၉၂.၇၉ |
| ၂ | ဒေါ်နန်းသန်းထွေး (ရွှေကမ္ဘောဇ ကုမ္ပဏီလီမိတက်) | တနသ်ာရီ | တမုတ်ချုံး | ၆၈၇၄/ ရမယ (ဖ)(၁၁) ၂၀၀၉ ၃.၁၁.၂၀၀၉ | စိုက် ပျိုး ရေး (ဆီအုန်း) | ၂၈၀၀.၀၀ | ၂၂၁၂.၉၁ | ၅၈၇.၀၉ |
| စုစုပေါင်း | | | | | | ၅၃၀၀.၀၀ | ၃၆၂၀.၁၂ | ၁၆၇၉.၈၈ |

တင်ထွန်းဦး

ဥက္ကဋ္ဌ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၉ ရက်)

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါသူနာတင်ယာဉ် (၃) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ တင်သွင်းယာဉ်များသည် သူနာတင်ယာဉ်များဖြစ်ခြင်း၊ ဌာနမှ ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင် လုပ်ငန်းနှင့်ပတ်သက်သည့်အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်–

(က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀–၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် Than Htet Aung Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် JMC WHG5042XJHCD6, အမျိုးအစား Ambulance (4x2) L, 2021 Model, 1S–3819 သူနာတင်ယာဉ် (၁) စီး၊

( ခ ) ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက်၊ ထီးတန်းလမ်းမ၊ ဓမ္မပီယကျောင်းတိုက်တွင် ဖွင့်လှစ်ထားရှိသော “အားမာန်လူငယ်ပရဟိတအသင်း (ရန်ကုန်)” တွင် အသုံးပြုရန်အတွက် ပြည်ပမှဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Hyundai Grand Starex, အမျိုးအစား Ambulance (4x2) L, 2014 Model, 4R–6475 သူနာတင်ယာဉ် (၁) စီး၊

( ဂ ) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ (၅) လမ်း၊ CB Life Insurance Co.,Ltd အမည်ဖြင့် ပြည်ပမှဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် JAC, အမျိုးအစား Ambulance (4x2) L, 2021 Model, 2S–2393 သူနာတင်ယာဉ် (၁) စီး။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ မီးငြိမ်းသတ်ယာဉ် (၁၀) စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် (၁) စီးနှင့် မီးသတ်ရေသယ်ယာဉ် (၆) စီး စုစုပေါင်းယာဉ် (၁၇) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အဆိုပါ ယာဉ်များသည် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသောယာဉ်များဖြစ်ခြင်း၊ တင်သွင်းယာဉ်များသည် မီးသတ်ယာဉ်များဖြစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားခြင်း၊ ဌာနမှထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန် ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့်

မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင် လုပ်ငန်းနှင့် ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်–

(က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀–၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း မီးဘေးလုံခြုံရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် Time Less Myanmar Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Sino Truck (Howo), အမျိုးအစား Fire Fighting Truck (4x2) L Double Cab, 2021 Model, 1S–7932, 1S–7952, 1S–7959 မီးငြိမ်းသတ်ယာဉ် (၃) စီး၊

(ခ) ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၏ ၂၀၂၀–၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Aung Gyi Trading Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် JAC, အမျိုးအစား Fire Fighting Truck (4x2) L, 2021 Model, 2S–1037, 2S–1056 မီးငြိမ်းသတ်ယာဉ် (၂) စီး၊

(ဂ) ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၀–၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်း အထပ်မြင့်မီးလောင်မှုများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် Than Htet Aung Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Sino Truck (Howo), အမျိုးအစား Fire Fighting Truck (6x4) With Water Tower, 2021 Model, 1S–7490 ရှာဖွေကယ်ဆယ်ရေးယာဉ် (၁) စီး၊

(ဃ) မွန်ပြည်နယ်အတွင်း ခရိုင်/မြို့နယ်မီးသတ်စခန်းများတွင် အသုံးပြုနိုင်ရေးအတွက် Moe Myint Kyel Co.,Ltd နှင့် Than Htet Aung Co.,Ltd တို့မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Isuzu, အမျိုးအစား Fire Fighting Truck (4x2) L Double Cab, 2020 Model, 1S–8146 မီးငြိမ်းသတ်ယာဉ် (၁) စီးနှင့် အမျိုးအမည် Sino Truck (Howo), အမျိုးအစား Fire Fighting Truck (4x2) L Double Cab, 2021 Model, 1S–4750, 1S–4758, 1S–4760, 1S–4763 မီးငြိမ်းသတ်ယာဉ် (၄) စီး စုစုပေါင်း မီးငြိမ်းသတ်ယာဉ် (၅) စီး၊

(င) မွန်ပြည်နယ်အတွင်း ခရိုင်/မြို့နယ်မီးသတ်စခန်းများတွင် အသုံးပြုနိုင်ရေးအတွက် Moe Myint Kyel Co.,Ltd နှင့် Timeless Myanmar Co.,Ltd တို့မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Sino Truck, အမျိုးအစား Fire Fighting Truck (6x4) L, 2021 Model, 1S–8143, 1S–8150 မီးသတ်ရေသယ်ယာဉ် (၂) စီးနှင့် အမျိုးအမည် Isuzu, အမျိုးအစား Fire Fighting Truck (4x2) L, 2021 Model, 1S–8130, 1S–8149, 1S–8151, 1S–8152 မီးသတ်ရေသယ်ယာဉ် (၄) စီး စုစုပေါင်း မီးသတ်ရေသယ်ယာဉ် (၆) စီး။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) ဆုံးဖြတ်ချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့တွင် သတင်းစုဆောင်းရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်နိုင်ငံတော်လုံခြုံရေး ဝန်ကြီးဌာနမှ လှူဒါန်းထားသည့် အမျိုးအမည် Yutong ZK6858H, အမျိုးအစား Bus (4x2)L, 2022 Model, 2S–4746 နှင့် 2S–4752 လှူဒါန်းယာဉ် (၂) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြု

နိုင်ပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ လျှုဒါန်းယာဉ်များဖြစ်ခြင်း၊ ဌာနမှ ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ဖော်ပြပါကင်းလွတ်ခွင့်ပြုခြင်းအား ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခကြေးငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၇၉/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက်)

၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများဌာန၊ သောင်တူးဌာနခွဲ (နေပြည်တော်) မှ ဒုတိယညွှန်ကြားရေးမှူး (သောင်တူး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးကျော်နိုင်ဦး အား တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဒေသ (၆) မုံရွာမြို့တွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (ရေဘက်ဆိုင်ရာ မြို့ပြအင်ဂျင်နီယာလုပ်ငန်း)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၈၁/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်)

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ရေးမှူး (ဆိပ်ကမ်း)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဒေါ်ဆွေဇင်ဦး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ဆိပ်ကမ်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်)

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ဆုံးဖြတ်သွားနိုင်ရေးအတွက် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ** ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဦးခင်မောင်ရီ — ဥက္ကဋ္ဌ<br>
ပြည်ထောင်စုဝန်ကြီး<br>
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခ) ဦးထွန်းအုံ — ဒုတိယဥက္ကဋ္ဌ<br>
ဒုတိယဝန်ကြီး<br>
(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍ)<br>
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂ) ဦးမင်းသူ — ဒုတိယဥက္ကဋ္ဌ<br>
ဒုတိယဝန်ကြီး (သတ္တုကဏ္ဍ)<br>
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်<br>
သစ်တောဦးစီးဌာန

(င) ဦးစောဂျွန်ရွှေဘ — အဖွဲ့ဝင်<br>
ဦးဆောင်ညွှန်ကြားရေးမှူး<br>
မြန်မာ့သစ်လုပ်ငန်း

(စ) ဦးငွေးအောင် — အဖွဲ့ဝင်<br>
ညွှန်ကြားရေးမှူးချုပ်<br>
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်<br>
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဇ) ဦးသက်ဦး — အဖွဲ့ဝင်<br>
ညွှန်ကြားရေးမှူးချုပ်<br>
မြေတိုင်းဦးစီးဌာန

(ဈ) ဒေါက်တာ ခင်မောင်ဆင့် — အဖွဲ့ဝင်
ပါမောက္ခချုပ်
သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်

(ည) ဦးခင်လတ်ကြီး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သတ္တုတွင်းဦးစီးဌာန

(ဋ) ဒေါက်တာ သက်တင်ညွန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

(ဌ) ဒေါက်တာ သိန်းစိုး — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ် (၁) သတ္တုတွင်းလုပ်ငန်း

(ဍ) ဦးအေးဇော် — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ် (၂) သတ္တုတွင်းလုပ်ငန်း

(ဎ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(ဏ) ဦးငွေအောင် — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

(တ) ဦးလှမောင်သိန်း — အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ထ) ဒေါ်ဇင်မာထွန်း — တွဲဖက်အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဒ) ဒေါက်တာ အောင်သူရိန်ဝင်း — တွဲဖက်အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ ဤဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အကြီးအကဲများ၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး အစည်းအဝေးတွင် ညွှန်ကြားချက်များ၊ နိုင်ငံတော်အဆင့်ဖွဲ့စည်းထားသည့် ဗဟိုကော်မတီ၊ ဦးစီးကော်မတီအသီးသီး၏ ညွှန်ကြားချက်များ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာ

လုပ်ငန်းများ၊ ဝန်ကြီးဌာန၏ ဥပဒေနှင့် မူဝါဒရေးရာကိစ္စရပ်များ၊ မမျှော်လင့်ထားသော သဘာဝ ဘေးအန္တရာယ်များကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်၊

(ခ) မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ဂ) နိုင်ငံတော်၏ စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့် လျော်ညီစွာ စီမံခန့်ခွဲခြင်း ပေါင်းစပ် ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

(ဃ) ဝန်ကြီးရုံး၊ ဦးစီးဌာန/လုပ်ငန်းများနှင့် တက္ကသိုလ်တို့၏ ဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ အပြစ်ပေးအရေးယူခြင်း စသည့်ကိစ္စရပ်များနှင့် သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(င) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးများဆိုင်ရာလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မူလခွင့်ပြုငွေ (BE)၊ ဖြည့်စွက်ခွင့်ပြုငွေ (RE) တောင်းခံခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေး ကြပ်မတ်ရန်၊

(စ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်သော ကိစ္စရပ်များ၊ နှစ်နိုင်ငံသဘောတူညီမှု လက်မှတ် ရေးထိုးရေးကိစ္စများ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေး ကိစ္စရပ်များ၊ တင်ဒါခေါ်ယူဆောင်ရွက်ပြီးစီးမှု ကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

(ဆ) တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့မှ ညှိနှိုင်းလာသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဌာနပိုင်မြေနှင့် အဆောက်အဦများ ငှားရမ်းခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းနှင့် အထွေထွေကိစ္စရပ်များ ဆွေးနွေးဆုံးဖြတ်သွားရန်၊

(ဇ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုနှင့် တစ်ခု ညီညွတ်စွာဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အစိတ်အပိုင်းတစ်ခုနှင့် တစ်ခုအကြား ညီညွတ်မှုရှိစေရေး၊ ဝန်ဆောင်မှုတိုးတက်စေရေး၊ စီးပွားရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် ထိရောက်စွာစီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာ ထိန်းချုပ်ရေးတို့အတွက် ကော်မတီမှ လေ့လာသုံးသပ်၍ နည်းလမ်းများရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရန်။

၃။ ယခင်ထုတ်ပြန်ထားသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၁/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၄ ရက်)

၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ အစည်းအဝေးအမှတ်စဉ် ၆/၂၀၂၂ ကြိမ်မြောက်မှ သဘောတူဆုံးဖြတ်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစိန်ထွန်းလင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် ကျွမ်းကျင်သူအဖြစ် လစဉ်ချီးမြှင့်ငွေ (၂၇၅,၀၀၀/-) ဖြင့် ၂၀၂၂ ခုနှစ်၊ မေလ ၂၀ မှ ၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့အထိ တတိယအကြိမ် (၁) နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

ခင်မောင်ရီ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၄၀/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၆ ရက်)

၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အစမ်းခန့်ကာလ (၁) နှစ် သက်တမ်းဖြင့် ခန့်အပ်ထားသော အောက်ပါဒါရိုက်တာ အဖွဲ့ဝင် (၃) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် အပါအဝင် (၅) နှစ် သက်တမ်းပြည့် ဆက်လက်တာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဦးအောင်ကျော်ဦး | ဒါရိုက်တာအဖွဲ့ဝင် (၁) |
| (ခ) | ဦးစံငွေး | ဒါရိုက်တာအဖွဲ့ဝင် (၂) |
| (ဂ) | ဦးမင်းစိန် | ဒါရိုက်တာအဖွဲ့ဝင် (၃) |

## အမိန့်ကြော်ငြာစာအမှတ် (၂၄၁/၂၀၂၂)

၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင် (၁) ဦးအောင်ကျော်ဦး အား ယင်းကော်ပိုရေးရှင်းတွင် လစ်လပ်လျက်ရှိသော ဥက္ကဋ္ဌ ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်တာဝန်ပေးအပ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၄၂/၂၀၂၂)

၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အစမ်းခန့်ကာလ (၁) နှစ် သက်တမ်းဖြင့် ခန့်အပ်ထားသော အောက်ပါဒါရိုက်တာ အဖွဲ့ဝင် (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် အပါအဝင် (၅) နှစ် သက်တမ်းပြည့် ဆက်လက်တာဝန်ပေးအပ်လိုက်သည်–

(က) ဦးတင်အောင် ဒါရိုက်တာအဖွဲ့ဝင် (၁)

( ခ ) ဦးထွန်းထွန်းဆွေ ဒါရိုက်တာအဖွဲ့ဝင် (၂)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၃/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်)

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးဌာနအမှုဆောင်ကော်မတီ ဖွဲ့စည်းခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးဌာနအမှုဆောင်ကော်မတီအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — ဥက္ကဋ္ဌ

( ခ ) ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — ဒု-ဥက္ကဋ္ဌ

( ဂ ) ဥက္ကဋ္ဌ<br>ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း — အဖွဲ့ဝင်

(ဃ) ဥက္ကဋ္ဌ<br>မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း — အဖွဲ့ဝင်

( င ) ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန — အဖွဲ့ဝင်

( စ ) ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန — အဖွဲ့ဝင်

( ဇ ) ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(ဈ) ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း — အဖွဲ့ဝင်

(ည) အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — အတွင်းရေးမှူး (၁)

| | | |
|---|---|---|
| ( ၎ ) | ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အတွင်းရေးမှူး (၂) |
| ( ၅ ) | ဒုတိယအမြဲတမ်းအတွင်းဝန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မိမိဝန်ကြီးဌာနလက်အောက်ရှိ ဌာန/အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားပေးခြင်း၊

( ခ ) ကော်မတီသည် မိမိဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာသတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် တာဝန်ခံဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များအားလည်း လုပ်ငန်းအရ တာဝန်ရှိမှု၊ တာဝန်ခံမှုတို့ကို စနစ်တကျသတ်မှတ်၍ တိကျသော လုပ်ပိုင်ခွင့်များ သတ်မှတ်ဆောင်ရွက်စေခြင်း၊

( ဂ ) ကော်မတီသည် နိုင်ငံတော်၏ စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့် လျော်ညီစွာ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျဆောင်ရွက်ပေးခြင်း၊

(ဃ) ဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများပြုလုပ်ပေးခြင်း၊

( င ) ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ပေးခြင်း၊

( စ ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာ စိစစ်၍ ဘဏ္ဍာနှစ်လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးခြင်း၊

(ဆ) နှစ်အလိုက်ခွဲဝေခွင့်ပြုထားသော ဘဏ္ဍာငွေများသုံးစွဲရာတွင် သုံးငွေများ စီမံခန့်ခွဲခြင်းများ တင်ပြအတည်ပြုချက်ရယူပြီးသည့်အတိုင်း သုံးစွဲရန်နှင့် ခြိုးခြံချွေတာရေး ရငွေသုံးငွေတို့အတွက် ပြဋ္ဌာန်းထားသည့်ဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး စိစစ်ကြပ်မတ်ပေးခြင်း၊

( ဇ ) ဥပဒေ (မူကြမ်း) နည်းဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေစသည်များ ရေးဆွဲထုတ်ပြန်ရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ဈ) ဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းဖွဲ့စည်းပုံအသစ်ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြောင်းလဲဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အရာထမ်းများ၏ ခန့်ထားရေး/ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာနှင့်ပတ်သက်သော မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ အပြစ်ပေး/အရေးယူခြင်းဆိုင်ရာကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျ စိစစ်ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ည) နိုင်ငံခြားတိုင်းပြည်များနှင့်ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သောကိစ္စရပ်များ၊ ပြည်ပပို့ကုန်/သွင်းကုန်နှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေး ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ပေးခြင်း၊

(ဋ) ပြည်ထောင်စုဝန်ကြီးအမှုဆောင်ကော်မတီသို့ တင်ပြလာသည့် ကြီးကြပ်မှုအောက်လုပ်ငန်း/ဌာန များတွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီများ၏ ဆုံးဖြတ်ချက်များအား စိစစ်ပြီးနောက် မှတ်တမ်းတင်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၂၄၇/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်)

၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနလက်အောက်ရှိ အရာထမ်းရာထူး (၄) နေရာ၊ အမှုထမ်းရာထူး (၃၇) နေရာ စုစုပေါင်းရာထူး (၄၁) နေရာဖြင့် ဖွဲ့စည်းထားသော မန္တလေးစက်မှုဇုန် (၂) ပင်မဓာတ်အားခွဲရုံ၏ ဖွဲ့စည်းပုံအင်အားကို ဒေါင်းရွှေးပင်မဓာတ်အားခွဲရုံ၏ ဖွဲ့စည်းပုံအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခွင့်ပြုလိုက်သည်။

သောင်းဟန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ မေလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၂၂ အရ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဒေါက်တာ ပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၄/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ - ၁ (မြို့ပြ) (၈) ဦးနှင့် ပုံဆွဲ - ၁ (၂) ဦး စုစုပေါင်း ဝန်ထမ်း (၁၀) ဦးတို့အား ၂၀၂၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၂၂) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ/ရေသန့်) နှင့် ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန် ထမ်းဆောင်ရမည့် ရာထူး၊ နေရာ |
|---|---|---|
| (က) | ဦးကျော်ကျော်နိုင်<br>ဆလက/၄၉၄၁၇ | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>ညွှန်ကြားရေးမှူးရုံး<br>(ရှမ်းပြည်နယ်) |
| ( ခ ) | ဦးဟန်ဝင်းစိုး<br>ဆလက/၄၉၄၁၈ | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>ညွှန်ကြားရေးမှူးရုံး<br>(ရန်ကုန်တိုင်းဒေသကြီး) |
| ( ဂ ) | ဦးမင်းမင်းစိုး<br>ဆလက/၄၉၄၀၂ | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>ညွှန်ကြားရေးမှူးရုံး<br>(ရခိုင်ပြည်နယ်) |
| (ဃ) | ဒေါ်အေးစန္ဒာ<br>ဆလက/၄၉၄၀၁ | ဦးစီးအရာရှိ (မြို့ပြ)<br>မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာနခွဲ |
| ( င ) | ဒေါ်ယဉ်ယဉ်မင်းသူ<br>ဆလက/၄၉၄၁၉ | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>မြို့ပြအခြေခံအဆောက်အဦ<br>စီမံကိန်းဖွံ့ဖြိုးရေးဌာနခွဲ |
| ( စ ) | ဦးဖြိုးဝေဟန်<br>ဆလက/၄၉၄၂၆ | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>ညွှန်ကြားရေးမှူးရုံး<br>(တနင်္သာရီတိုင်းဒေသကြီး) |
| (ဆ) | ဦးကျော်ဌေး<br>ဆလက/၄၇၃၆၈ | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>ညွှန်ကြားရေးမှူးရုံး<br>(ကယားပြည်နယ်) |
| ( ဇ ) | ဦးချစ်လွင်<br>ဆလက/၄၇၃၅၃ | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>လွှတ်တော်နှင့် နေအိမ်အဆောက်အဦများ<br>ထိန်းသိမ်းရေးအဖွဲ့ (ရန်ကုန်) |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန် ထမ်းဆောင်ရမည့် ရာထူး၊ နေရာ |
|---|---|---|
| (ဈ) | ဒေါ်မြတ်သီရိအေး<br>ဆလက/၄၉၅၇၀ | ဦးစီးအရာရှိ (မြို့ပြ)<br>မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာနခွဲ |
| (ည) | ဒေါ်တာရာလတ်<br>ဆလက/၄၉၄၂၇ | ဦးစီးအရာရှိ (မြို့ပြ)<br>မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာနခွဲ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၁၆ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကိုယ်ပိုင်အမှတ် ဆလက/၄၉၄၃၇၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၂) (လျှပ်စစ်)၊ ဦးအောင်ဖြိုးလင်း အား ၂၀၂၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၂၂) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့ (နေပြည်တော်) တွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၆/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးမှ ကိုယ်ပိုင်အမှတ် ဆ/၃၇၃၇၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစိုးပြည်မှူး အား ၂၀၂၂ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၂) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ကယားပြည်နယ်တွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၇/၂၀၂၂)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးမှ ကိုယ်ပိုင်အမှတ် ဆ/၃၇၅၀၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးကျော်ဇေယျာလင်း အား ၂၀၂၂ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၂) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၀/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၇ ရက်)

၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် မတူပီခရိုင်ရုံးအား အရာထမ်းရာထူး (၁) နေရာ၊ အမှုထမ်းရာထူး (၁၀) နေရာစီဖြင့် အသစ်တိုးချဲ့ဖွဲ့စည်း၍ အရာထမ်းရာထူး (၅၆၈) နေရာ၊ အမှုထမ်းရာထူး (၂၄၈၁) နေရာ စုစုပေါင်းရာထူး (၃၀၄၉) နေရာဖြင့် ဖွဲ့စည်းလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၁/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်)

**စီမံကိန်းကြီးကြပ်ရေးအဖွဲ့ (Project Management Unit) ဖွဲ့စည်းခြင်း**

၁။ Naypyitaw State Academy တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ **စီမံကိန်းကြီးကြပ်ရေးအဖွဲ့** အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးမင်းထိန် — နာယက
ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ခ) ဦးမျိုးမြင့် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူးချုပ်
အဆောက်အဦဦးစီးဌာန

(ဂ) ဦးခင်မောင်သန်း — ဒုတိယအဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
အဆောက်အဦဦးစီးဌာန

(ဃ) ဦးကျော်မင်းအေး — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
အဆောက်အဦဦးစီးဌာန

(င) ဦးအေးကို — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (ရေသန့်)
အဆောက်အဦဦးစီးဌာန

(စ) ဦးကြည်လှိုင်ဝင်း — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (လျှပ်စစ်)
အဆောက်အဦဦးစီးဌာန

| | | |
|---|---|---|
| (ဆ) | ဒေါ်ချမ်းမြလင်း<br>အင်ဂျင်နီယာချုပ် (ဗိသုကာ)<br>အဆောက်အဦဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဇော်ထွေးဦး<br>ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ)<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဝေဖြိုးလင်း<br>ညွှန်ကြားရေးမှူး (မြို့ပြ)<br>အဆောက်အဦဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်မျိုးသီဂီအောင်<br>ညွှန်ကြားရေးမှူး (ဗိသုကာ)<br>အဆောက်အဦဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်မင်း<br>ညွှန်ကြားရေးမှူး (လျှပ်စစ်)<br>အဆောက်အဦဦးစီးဌာန | အဖွဲ့ဝင်<br>(Safety Officer) |
| (ဌ) | ဒေါ်ရွှေရည်ဝင်းဝင်းချစ်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးကိုကိုအေး<br>ညွှန်ကြားရေးမှူး (မြို့ပြ)<br>အဆောက်အဦဦးစီးဌာန | အတွင်းရေးမှူး |
| (ဎ) | ဒေါ်ခိုင်မာဝင်း<br>ဒုတိယညွှန်ကြားရေးမှူး (ရေသန့်)<br>အဆောက်အဦဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ Naypyitaw State Academy တည်ဆောက်ခြင်းလုပ်ငန်း **စီမံကိန်းကြီးကြပ်ရေးအဖွဲ့** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) သတ်မှတ်ထားသော စီမံကိန်းလုပ်ငန်းနယ်ပယ်၊ ရည်ရွယ်ချက်နှင့် ဦးတည်ချက် (Project Scope, Purpose and Objective) များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊

(ခ) စီမံကိန်းတည်ဆောက်သူနှင့် လုပ်ငန်းအပ်နှံသူ (ဦးစီးဌာန) အကြား လုပ်ငန်းစာချုပ်ချုပ်ဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

(ဂ) တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ဗိသုကာ၊ မြို့ပြဖွဲ့စည်းပုံ (Structure)၊ ရေသန့်၊ လျှပ်စစ်၊ မီးသတ်စနစ် စသည်တို့နှင့် သက်ဆိုင်သောဒီဇိုင်းပုံစံများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ အချိန်မီရရှိနိုင်ရေး ပံ့ပိုးညှိနှိုင်းဆောင်ရွက်သွားရန်၊

(ဃ) တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သော လျှပ်စစ်မီးနှင့် ရေရရှိရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်၊

(င) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လုံခြုံရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တည်ဆောက်ရေးဝန်ထမ်းများနှင့် အလုပ်သမားများ ဝင်/ထွက် သွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်၊

(စ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (Workplace Safety and Health) အတွက် လိုအပ်သော လမ်းညွှန်ချက်၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းရန်၊ ပြဋ္ဌာန်းချက်များ လိုက်နာဆောင်ရွက်နိုင်ရေး ပံ့ပိုးစီစဉ်ပေးရန်၊

(ဆ) တည်ဆောက်ရေးစီမံကိန်းအတွက် လိုအပ်သောအရင်းအမြစ် (Resources) များဖြစ်သည့် တာဝန်ခံဝန်ထမ်းများနှင့် လုပ်သားများ၊ တည်ဆောက်ရေးပစ္စည်းများ၊ စက်ယာဉ်ယန္တရားများ အချိန်မီရရှိနိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်စီစဉ်ပေးရန်၊

(ဇ) လုပ်ငန်းစီမံချက် (Project Plan Schedule) ရေးဆွဲခြင်း၊ စီစဉ်ရေးဆွဲထားသော (Planned Schedule) နှင့် အမှန်တကယ်လုပ်ငန်းပြီးမြောက်မှု (Actual Schedule) ကွာဟမှုအနည်းဆုံးဖြစ်ရန်နှင့် လုပ်ငန်းနှောင့်နှေးခြင်းမဖြစ်စေရန် စီမံဆောင်ရွက်ပေးရန်၊

(ဈ) တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေးအတွက် “အရည်အသွေးစစ်ဆေးရေးအဖွဲ့” ဖွဲ့စည်းတာဝန်ပေးအပ်ရန်၊

(ည) လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (MNBC–2020) နှင့် အခြားလိုက်နာရန်လိုအပ်သည့် လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာပြီး လုပ်ငန်းအပ်နှံသူ၏ လိုအပ်ချက်နှင့်အညီ အရည်အသွေးပြည့်မီရေး စီစဉ်ဆောင်ရွက်သွားရန်၊

(ဋ) စီမံကိန်းတည်ဆောက်မှု၊ တိုးတက်မှုအခြေအနေများကို အဆင့်အလိုက် မှတ်တမ်း (Record) များ စနစ်တကျပြုစုထားရှိရန်၊

(ဌ) အပတ်စဉ်လုပ်ငန်းပြီးစီးမှုနှင့် လစဉ်လုပ်ငန်းပြီးစီးမှုများအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် သက်ဆိုင်ရာဌာနများသို့ ပေးပို့တင်ပြခြင်း (Reporting) စနစ်စီစဉ်ဆောင်ရွက်ပေးရန်၊

(ဍ) တည်ဆောက်ရေးလုပ်ငန်းမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းများကို သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန်၊

(ဎ) ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ဆောက်လုပ်ရေးလုပ်ငန်းခွင် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၀၁/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂၆ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ (၂၀၂၂–၂၀၂၃) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဘေလီနှင့် ဆက်စပ်ပစ္စည်းများ၊ မြေစမ်းသပ်ခြင်းလုပ်ငန်းသုံးပစ္စည်းများ၊ တံတားစစ်ဆေးတိုင်းတာရေးသုံးပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအား တင်ဒါစနစ်ဖြင့် ပြည်တွင်းကုမ္ပဏီများထံမှ စိစစ်ရွေးချယ်ဝယ်ယူနိုင်ရေးအတွက် **တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ** များအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) **တင်ဒါကော်မတီ**

(၁) ဦးဝင်းဖေ — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးဝဏ္ဏဇော် — ဒုတိယဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဒေါ်ယဉ်ယဉ်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးဝင်းသိန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးဝင်းရှိန် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၆) ဦးကျော်ကျော်ထွေး — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၇) ဦးရန်နောင် — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး

(၈) ဦးမြင့်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားဦးစီးဌာန

(၉) ဦးရဲခေါင်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၁၀) ဦးစိုးထွန်းနိုင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

**( ခ ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) ဦးစိုးထွန်းနိုင် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဒေါ်ယဉ်ယဉ်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးဝင်းသိန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးဝင်းရှိန် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးခင်မောင်သန်း — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၆) ဦးကျော်ကျော်ထွေး — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၇) ဦးရန်နောင် — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
